"ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် (၄) ချက်"

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်းကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ငါတို့၏အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အပတ်စဉ်သတင်းထုတ်ပြန်ချက် (၉/၂၀၂၃)

အမှတ်စဉ် (၉/၂၀၂၃) | http://www.nugmyanmar.org | ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်။

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သတင်း

၁။ တော်လှန်ရေး၏တပ်ဦးတွင် ဆက်လက်ဦးဆောင်ပေးကြရန် ချင်းအမျိုးသားများအား NUG ယာယီသမ္မတ တိုက်တွန်းပြောကြား

အကြမ်းဖက်စစ်ကောင်စီအား ရိုးရာဝလေ့အမဲလိုက်တူမီးသေနတ်များကိုင်ဆွဲပြီး ပထမဦးဆုံး စတင်တိုက်ခိုက်ကြရာမှ နွေဦးတော်လှန်ရေး၏ တပ်ဦးတွင် ဆက်လက်ဦးဆောင်ပေးကြရန် အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလက ဖေဖော်ဝါရီ ၂၀ ရက် (၇၅) နှစ်မြောက် ချင်းအမျိုးသားနေ့တွင် တိုက်တွန်းပြောကြားခဲ့သည်။ "ယခုတော်လှန်ရေးကိုကြည့်မယ်ဆိုရင်လည်း ချင်းလူမျိုးများဟာ တော်လှန်ရေးတပ်ဦးမှာ အနစ်နာခံပေးဆပ်ပြီးတော့ ပါဝင်တိုက်ခိုက်နေကြတာကို တွေ့ရပါတယ်။ ယခုဆိုရင် ချင်းပြည်နယ်ရဲ့ နယ်မြေအားလုံးနီးပါးကို ချင်းအမျိုးသားတပ်ဦး/ချင်းအမျိုးသားတပ်မတော် (CNF/CNA) နဲ့ CJDC ဦးဆောင်တဲ့ ချင်းပြည်ကာကွယ်ရေးတပ်ဖွဲ့ CDF တွေက ထိန်းချုပ်ထားတာကိုတွေ့ရပါတယ်။ ဒါကြောင့် ချင်းလူမျိုးတွေအနေနဲ့ ဆက်လက်ပြီး နွေဦးတော်လှန်ရေးရဲ့တပ်ဦးမှာ ဆက်လက်ဦးဆောင်ပေးကြပါလို့ တိုက်တွန်းလိုပါတယ်" ဟုယာယီသမ္မတက တိုက်တွန်းပြောကြားခဲ့သည်။ https://bit.ly/3Ze8kye

လူသားချင်း စာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာန

၂။ ဇန်နဝါရီလအတွင်း ငွေကျပ် သန်း ၅၀၀ ကျော် ထောက်ပံ့ပေးနိုင်ခဲ့ ကြောင်း NUG ထုတ်ပြန်

ဇန်နဝါရီလအတွက် လူသားချင်း စာနာမှုအကူအညီအတွက် ကျပ်ငွေ ၅၀၇ ဒသမ ၁၅ သန်း ထောက်ပံ့ပေးခဲ့ ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ၊ လူသားချင်း စာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့် ခွဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ရာသီဥတု ပြောင်းလဲမှုကြောင့် လေဒဏ်၊ နှင်းဒဏ် ခံစားနေရသည့် စစ်ဘေးရှောင် ပြည်သူများအတွက် မိုးကာ၊ အနွေးထည်နှင့် စောင်များကို ပံ့ပိုးပေးခဲ့ပြီး၊ အကြမ်းဖက်စစ်တပ်ကြောင့် မီးရှို့ဖျက်ဆီးခံရသည့် ကျေးရွာများတွင် နေအိမ်များ ပြန်လည်တည်ဆောက် ပေးနိုင်ရေးစီမံဆောင်ရွက်နေကြောင်း"CDM များ၏

စာမျက်နှာ (၂) သို့

စာမျက်နှာ (၁) မှ

စေတနာအားနှင့် အတူ ဖုံးကျည်ဆံကြားက ကလေးငယ်များကို ဝိုင်းလို့ကူ" အစီစဉ်မှရရှိသည့် ရန်ပုံငွေနှင့် ဇန်နဝါရီလအထိ မြေပြင်ကျောင်းပေါင်း (၇၀၀) ကျော်အတွက် ဖုံးခိုကျင်းများ တူးဖော်နိုင်ခဲ့ကြောင်း ဆက်လက်ဖော်ပြထားသည်။ https://bit.ly/41mhkTT

၃။ အကြမ်းဖက်စစ်ကောင်စီ၏ အကြမ်းဖက်လုပ်ရပ်များအား အမျိုးသားညီညွတ်ရေးအစိုးရ ထုတ်ပြန်

အကြမ်းဖက်စစ်တပ်က ဖေဖော်ဝါရီ ၁၁ ရက် မှ ၂၀ ရက် အထိ ၁၀ ရက်တာအတွင်း စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တို့ကို ပိုမိုပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်း ကြောင့် အပြစ်မဲ့ပြည်သူ့ နေအိမ် (၁၈၃၈)လုံးနှင့် စစ်ဘေးရှောင်ပြည်သူများ၏ ယာယီတဲ (၃၂)လုံးကို မီးရှို့ဖျက်ဆီးခဲ့သည့်အပြင် ကျန်းမာရေးဆေးပေးခန်းများ၊ စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများ၊ ဈေးဆိုင် (၂)ဆိုင်၊ စပါးတင်းရေထောင်ချီရှိသည့် စပါးကျီများ၊ ယက်ကန်းရုံများ ၊ ယက်ကန်းစက်များ အပြင်ဆန်စက်များကိုလည်း မီးရှို့ဖျက် ဆီးခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ၊ လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၂ ရက်တွင်ထုတ်ပြန်ခဲ့သည်။

ဟောင်ဝစ်ဇာအမြောက်များအသုံးပြု၍ ရမ်းသမ်းပစ်ခတ်ခြင်း၊ ဝေဟင်မှဂျက်တိုက်လေ ယာဉ်များအသုံးပြုကာ ဗုံးကြဲတိုက်ခိုက်ခြင်းများကြောင့် အပြစ်မဲ့ပြည်သူ (၆)ဦး သေဆုံးခဲ့ရကြောင်း ပြည်သူ (၁၁)ဦး၊ သံဃာတော် (၁)ပါးနှင့် ကိုရင်(၂)ပါးတို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြကာ ကျေးရွာများအတွင်းဝင်ရောက် စီးနင်း၍ CDM ကျောင်းဆရာ အပါအဝင် အပြစ်မဲ့ပြည်သူ (၅)ဦးနှင့် အသက်(၈၀) အရွယ် သီလရှင် (၁)ပါးကိုလည်း မီးရှို့ သတ်ဖြတ်ခဲ့ကြောင်းဆက်လက်ဖော်ပြထားသည်။ https://bit.ly/3IuTHQl

၄။ NUG ကပြုလုပ်မည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ပြည်သူများနှင့် ပြည်သူ့ကာကွယ်ရေးအဖွဲ့ဝင်များ ပါဝင်ဖြေဆိုရန် ပြင်ဆင်နေ။



အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ ကျင်းပပြုလုပ်မည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဒေသခံပြည်သူများနှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော်မှ ရဲဘော်၊ ရဲမေများနှင့် ပြည်သူ့ကာကွယ်ရေးအဖွဲ့ဝင်များ(ပကဖ) ပါဝင်ဖြေဆိုရန် ပြင်ဆင်နေကြောင်း ပညာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အကြမ်းဖက်စစ်ကောင်စီ၏ စစ်ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်ပြီး CDM လှုပ်ရှားမှုတွင်ပါဝင်ခဲ့သော ဆရာ၊ ဆရာမများနှင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများက စာမေးပွဲဖြေဆိုရန် ပြင်ဆင်နေသော ဒေသခံပြည်သူများနှင့် ရဲဘော်၊ ရဲမေများကို တစ်ပတ် ၇ ရက်ဖြင့် တစ်နေ့ ၂ နာရီအချိန်ခန့် စာသင်ကြားပေးနေကြောင်း ဆက်လက်ဖော်ပြထားသည်။ https://bit.ly/41tqgXt

၅။ မကွေးတိုင်းအတွင်း တိုက်ခိုက်ခဲ့သည့် စစ်ရေးပစ်မှတ်များ ကို NUG ထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် မကွေးတိုင်းအတွင်းရှိ ဂန့်ဂေါမြို့နယ်၊ မင်းတုန်းမြို့နယ်၊ သရက်မြို့နယ်နှင့် မင်းလှမြို့နယ်တို့တွင် အကြမ်းဖက်စစ်ကောင်စီ၏ ရဲစခန်း၊ စစ်ဆေးရေးဂိတ်နှင့် စစ်ကြောင်းများကို ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) က ပစ်ခတ်တိုက်ခိုက်နိုင်ခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရက ကာကွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။

https://bit.ly/3IywD37

ပညာရေးဝန်ကြီးဌာန

၆။ မိခင်ဘာသာစကားအခြေပြု ပညာသင်ကြားရေးစနစ်များကို အားပေးထောက်ခံပြီး ပံ့ပိုးကူညီသွားမည်ဟု NUG ပညာရေးဝန်ကြီးဌာနနှင့် NUCC တို့ ပူးတွဲထုတ်ပြန်

မြန်မာနိုင်ငံတွင် စစ်အုပ်ချုပ်မှုကို နှစ်ပေါင်းများစွာ ခံစားခဲ့ရပြီး တိုင်းရင်းသားဘာသာစကားဆိုင်ရာ အခွင့်အရေးများနှင့်ဖွံ့ဖြိုးခွင့်ကို လျစ်လျူရှုခံခဲ့ရကြောင်း၊ မိခင်ဘာသာစကားနှင့် ယဉ်ကျေးမှုကိုကိုယ်စားပြုသည့် စာပေများ၊ သင်ရိုးညွှန်းတမ်းများကို သင်ကြားခွင့်မရရှိခဲ့ကြောင်း၊ ကြားကာလတွင် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ရန် မိခင်ဘာသာစကားအခြေပြု ပညာသင်ကြားရေးစနစ်များကို လေ့လာဖော်ထုတ်ခြင်း၊ သုတေသနပြုစုခြင်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ဒေသအလိုက်မူဝါဒ ဖွံ့ဖြိုးမှုလုပ်ငန်းများကို အားပေးထောက်ခံ၍ ပံ့ပိုးကူညီသွားမည်ဟု အမျိုးသားညီညွတ်ရေးအစိုးရ ပညာရေးဝန်ကြီးဌာနနှင့် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီတို့က ပူးတွဲထုတ်ပြန်ခဲ့သည်။ https://bit.ly/3Z0xVuI

စာမျက်နှာ (၄) သို့

စာမျက်နှာ (၃) မှ



ကျန်းမာရေးဝန်ကြီးဌာန

၇။ ကြားကာလ ပြည်နယ်/ ဖက်ဒရယ် ယူနစ်များအတွင်းရှိ ဆေးရုံ/ဆေးခန်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန် လျှောက်လွှာတင်သွင်းနိုင်ပြီဟု NUG ထုတ်ပြန်ကြေညာ

ကြားကာလ ပြည်နယ်/ ဖက်ဒရယ် ယူနစ်များအတွင်းရှိ ဆေးရုံ/ဆေးခန်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန် လျှောက်လွှာတင်သွင်းနိုင်ပြီဖြစ်ကြောင်း၊ ဝန်ထမ်းစိစစ်ရွေးချယ်ခန့်အပ်ရေးကော်မတီက အတည်ပြုရွေးချယ်ခြင်း ခံရသူများသည် တာဝန်ချထားမည့်နေရာများအတွက် လိုအပ်သည့်သင်တန်းများကို သတ်မှတ်အစီအစဉ်များအတိုင်း တက်ရောက်ရမည်ဖြစ်ပြီး ဝန်ကြီးဌာနနှင့် ကြားကာလပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ အစီအစဉ်ဖြင့် ဒေသအသီးသီးသို့ တာဝန်ချထားမည်ဖြစ်ကြောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ https://bit.ly/3Z3HTvw



လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

၈။ ရိုဟင်ဂျာအရေး တရားမျှတမှုဖော်ဆောင်နိုင်ရန် NUG ကတိကဝတ်ပြု

ရိုဟင်ဂျာများအပေါ် ရက်စက်ကြမ်းကြုတ်မှုများကို ပြည်တွင်းသာမက နိုင်ငံတကာတာဝန်ခံမှုယန္တရားများနှင့်ပါ ပူးပေါင်း၍ တရားမျှတမှုဖော်ဆောင်နိုင်ရန် ကတိကဝတ်ပြုကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ လူ့အခွင့် အရေးဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက ဖေဖော်ဝါရီ ၂၂ ရက် ဆွစ်ဇလန်နိုင်ငံ၊ ဂျနီဗာမြို့တွင် ပြုလုပ်သည့် United State Holocaust Memorial Musueum/US Permanent Mission အဖြစ် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုအခြေအနေဆွေးနွေးခြင်း အခမ်းအနားတွင်ပြောကြားခဲ့သည်။ https://bit.ly/3krJ9cN

ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီ

၉။ နွေဦးတော်လှန်ရေးမှာ မကြာမီအချိန်အတွင်း အချိုးအကွေ့တစ်ခုသို့ ရောက်ရှိတော့မည်ဟု NUG ပြည်ထောင်စုဝန်ကြီးချုပ် ပြောကြား

မတူကွဲပြားမှုများနှင့် ညီညွတ်မှုကို အခြေခံသော နွေဦးတော်လှန်ရေးမှာ မကြာမီအချိန်အတွင်း အချိုးအကွေ့ တစ်ခုသို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးယန္တရား၏ အခြေခံကျသော ရပ်ကျေးအုပ်ချုပ်ရေးနှင့် မြို့နယ်အဆင့်အုပ်ချုပ်ရေး စနစ်များအား ၎င်းတို့ကိုယ်တိုင် ရပ်တည်နိုင်ရန် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကော်မတီအနေဖြင့် ယင်းအုပ်ချုပ်ရေးစနစ်များအတွက် လိုအပ်မှုများ ပံ့ပိုးပေးရန်လိုအပ်ပြီး သို့မှသာပြည်သူကိုဗဟိုပြုသော အုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ရာရောက်မည်ဖြစ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက ဖေဖော်ဝါရီ ၂၃ ရက် ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီအစည်းအဝေးတွင်ပြောကြားခဲ့သည်။ https://bit.ly/3Z3KYM4